
ပုလင်းကွဲ

## အခန်း(၁)

ပုလင်းလေးတစ်လုံးကို အရှိသုံးမယ်ဆိုရင် နံပါတ် (၁) သူဟာ

သူ့အထဲကို ဘာပဲထည့်ထည့် ကြည်ဖြူတယ်။ နံပါတ် (၂) သွားလိုရာ အလွယ်တကူသယ် နိုင်တယ်။ နံပါတ် (၃) မလိုချင်လို့ ပိုင်ရှင်က မစွန့်ပစ်မချင်း ပိုင်ရှင်အနားမှာပဲ သစ္စာရှိစွာနေတတ် တယ်။

ပုလင်းရဲ့ဂုဏ်သတ္တိက မာကြောတယ်။ ကြွပ်ဆတ်တယ်၊ တစ်ခုခုဆို တုံ့ပြန်မှုက အရမ်းမြန် ပါတယ်။ နောက်တစ်ခုက သူဟာ သည်းခံမှုရှိတဲ့နေရာမှာ no…one ပဲ….အပူထည့်တာလည်း ဘာမှမပြောဘူး၊ အအေးထည့်ထားလည်း OK ပါပဲ….နံစော်နေတဲ့ ငံပြာရည်ထည့်ထားတာတောင်မှ အေးဆေးနေသေးတာ”

ဪ…..တစ်ခုကျန်သေးတယ်….သူ့ကို ရိုက်ခွဲလိုက်ရင်လူတကာက ကြောက်ရတဲ့ လက် နက်ဖြစ်သွားရော….

* * *

## အခန်း(၂)

"ခွမ်း"

ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

"ခင်ဗျား ဘယ်လောက်မိုက်သလဲ.....လာလေ....သတ္တိရှိရင်ထွက်ခဲ့..."

"ဂုဏ်ရဲ့လက်ထဲမှာ ရိုက်ခွဲထားသဖြင့် တစ်ပိုင်းပြတ်ပြီး ကျန်ခဲ့သော ပုလင်းကွဲတစ်ခုကို ကိုင်ထားကာ ရန်စလာသောအမူးသမားတစ်ယောက်ကို စတင်စိန်ခေါ်လိုက်သည်။

"ဟား.....ဟား ရယ်စရာပဲကွာ၊ မနေ့တစ်နေ့ကမှ အရက်ဆိုင်ရောက်လာတဲ့ကောင်က လာပြီး သွေးဆူပြနေတာပဲ၊ ငါ ဘာကောင်လဲဆိုတာ သိအောင် ကြိုးစားလိုက်ဦး"

မိုလင်းရင် အရက်နဲ့မျက်နှာသစ်တာလို့ ပြောစမှတ်တွင်လောက်အောင် သောက်လွန်းပြီး မူး လျှင် ပတ်ဝန်းကျင်ကို လှည့်ပတ်ရမ်းကားတတ်တဲ့ ရွှေအ။

သူ့အကြောင်းသိသူတွေက ဝေးဝေးက ရှောင်ကြသည်။ သူနဲ့ ထိပ်တိုက်တိုးဖို့ ဘယ်တော့ မှမကြိုးစားပါ။

ဒါတွေကို သိပုံမရသော ဂုဏ်က ထီမထင်မျက်နှာပေးဖြင့်

"ခင်ဗျား ဘာကောင်ပဲဖြစ်ဖြစ်....ကျုပ်ဂရုမစိုက်ဘူး... အေး....ကျုပ်ကိုတော့ လာမငြိစေနဲ့... နောင်တမရချင်ရင်ပေါ့"

ဟု သွေးအေးစွာ ပြောသောအခါ ရွှေအ နည်းနည်း ဖြုံသွားသည်။

ဒီကောင့်ပုံစံက အပီတွယ်မဲ့ ဒီဇိုင်းဆိုတော့ ရုပ်ပျက်ဆင်းပျက်မဖြစ်ခင် ပြန်ပြီး ကိုယ်ရှိန် သတ်လိုက်ရသည်။

လူတွေကို သူကလှော့တွက်မိတာ များသည်။ တစ်ချက်ကလေး ပိတ်ဟောက်လိုက်တာနှင့် ခေါင်းငုံ့ပြီး မျက်နှာလွှဲသွားကြတဲ့ သူတွေပဲ ကြုံခဲ့ရတာ းကိုး။

သူ့ခြေလှမ်းကို ရှေ့ နည်းနည်းတိုးကြည့်လိုက်တယ်ဆိုရင်ပဲ ကောင်လေးလက်ထဲက ပု လင်းကွဲစက သူ့ဗိုက်ရှေ့ကို ရောက်လာ၏ ။

ရုတ်တရက်ကြောင်ပြီး မျက်လုံးကို ပိတ်ထားမိသည်။

ဗိုက်ထဲကိုစိုက်ဝင်သွားလျှင်....ဘုရား....ဘုရား....တွေးပင် မတွေးဝံ့တော့။ သုံးလက်မ လောက် အကွာအဝေးသာ လိုတော့သည်။

“သွားတော့....ခင်ဗျား ထွက်သွားလိုက်တော့၊ ဒီအချိန်မှာ ကျုပ်က လူသတ်ဖို့လည်း ဝန်မ လေးဘူးဗျ”

ရွှေအက မကျေမချမ်းဖြင့် လူမိုက်တို့ ဇာကလေး ထုတ်ပြရင်း ပေစောင်းပေစောင်းဖြင့်ထွက် သွားသည်။

ဂုဏ်သည် သူ့လက်ထဲမှ ပုလင်းကွဲစကို လွှင့်ပစ်ပြီး ထိုင်ခုံမှာ ပြန်ထိုင်လိုက်သည်။

ဆိုင်ပိုင်ရှင် လူငယ်လေးက အပြေးကလေး ရောက်လာပြီး...

“ကျေးဇူးတင်လိုက်တာ အစ်ကိုရာ....ဒီကောင်ရွှေအက ကျွန်တော်တို့ဆိုင်မှာ နိုင်ထက်စီး နင်းပြုနေတာ ကြာပြီ...သူ့ကိုဖြုံနိုင်တာ အစ်ကိုတစ်ယောက်ပဲ ရှိသေးတယ်ဗျ...ဒီမှာ အစ်ကို စားဖို့ အမြည်း”

ဂုဏ်သည် သူ့ရှေ့တွင် Free လာချပေးသွားသော ဆတ်သားခြောက်ကြော်ကို ကြည့်ပြီး မျက်ခုံးတွေ မြင့်တက်သွားသည်။

လွန်ခဲ့တဲ့ မိနစ်ပိုင်းလောက်က အရက်တစ်ပိုင်းလောက် ဝင်သောက်လိုက်ရင် စိတ်ညစ်တာ တွေ ပျောက်မယ်ထင်ပြီး ဒီဆိုင်ထဲ သူ ဝင်လာမိသည်။ ပိုက်ဆံ အပိုမပါတော့ အမြည်းတောင်မှ မမှာနိုင်ခဲ့ပါ။

ဒီလိုကျတော့လည်း လောကကြီးက နေလို့ ကောင်းသားပဲ...

ရိုးရိုးသားသား ခွတ်မိုတ်ခံနေသမျှ ကံကြမ္မာ ဆိုတာကြီးက ဆိုးဆိုးဝါးဝါးနှိပ်စက်တော့ တာ...

သူစော်ကားသမျှ ကြိတ်မှိတ်ခံလို့ကတော့ တစ်သက်လုံး အရှုံးသမားဖြစ်တော့မှာပေ့ါ။

ဒီတော့ သူ့ရွဲ့၊ ကိုယ်ရွဲ့ နေပစ်လိုက်ရင် နည်းနည်းနေသာထိုင်သာ ရှိသွားသည်။

အရက်ဆိုတဲ့ အရည်တွေ ကိုယ်ထဲရောက်သွားရင် ရီဝေရီဝေနဲ့ အားလုံးကို မေ့လို့ရသွား ရော.....

ငုပ်လျှိုးနေတဲ့ သတ္တိတွေ၊ ပေါက်ကွဲချင်နေတဲ့ စိတ်တွေ၊ လုပ်သမျှ၊ စိတ်ထဲရှိသမျှ အားလုံး ကို လုပ်ရဲသွားသည်။

*

## အခန်း(၃)

ပညာပါရမီနည်းတယ်လို့ အပြစ်ပုံချရမလား....

မဟုတ်သေးဘူး..

သူ့ပင်ကိုဗီဇနှင့် ဉာဏ်ရည် ဉာဏ်သွေးက နိမ့်ပါးသည့်အထဲတွင် မပါပါ။ သင်ပြပေးလျှင် သိလွယ်တတ်လွယ်သည်။

ဒါနဲ့များတောင်....ဆယ်တန်းကို ဘာလို့ နှစ်ချင်းပေါက် မအောင်တာလဲဟု မေးစရှိသည်။

အမှန်က ဂုဏ် စာကျက်မပျင်းပါ။ စာမကျက်ချင်တာဖြစ်သည်။ စာကျက်ဖို့ အခြေအနေ မပေးသောကြောင့်ဖြစ်သည်။

စာကြည့်စားပွဲမှာ ထိုင်ပြီး စာ စကျက်ဖို့ ပြင်နေသောဂုဏ်သည် တစ်ဖက်အခန်းမှ အမေ့ငို သံကြောင့် ဒေါသစိတ်တွေပါလာရပြီ။

“မင်းအရှုးထတိုင်း သူများကို ပုတ်ခတ်ပြီး မပြောနဲ့ကွ၊ ပိတ်လိုက်၊ မင်းအပေါက်ကို ခုပိတ် လိုက်၊ ထပ်ပြောရင် ငါ လုပ်မိလိမ့်မယ် သက်ထား”

ဖေဖေ့ရဲ့ ကမ္ဘာပျက်မတတ် အော်သံတွေ...

သူ့နားထဲတွင် အောက်တန်းကျသည်ဟုထင်သည်။ ဒီလောက် နှစ်တွေအကြာကြီးပေါင်း လာတဲ့ မေမေ (သူ့မိန်းမ)ကိုဒီလိုလေသံနှင့်ပြောစရာ အကြောင်းမရှိပါ။ ဖေဖေပွဲကြမ်းတော့ မေမေ ငိုနေသည်။

“ပြောပေါ့ရှင် ပြောပေါ့....ရှင့်ဟာမ ထိတော့ ဆတ်ဆတ်ခါအောင် နာတယ်ပေါ့လေ၊ ယောကျ်ားတကာကိုလက်ခံနေတဲ့မိန်းမကို ဖာနဲ့နှိုင်းတာ ကျွန်မ

မှားသလား၊ တကယ်ဆို ကျွန်မကို ရှင် ငြိုငွေ့တယ်ပဲထား…သားလေးမျက်နှာတော့ ထောက်ဖို့ကောင်းပါသေးတယ်၊ သူများသူဌေး ကြီးတွေက မယားငယ်ထားတာတတ်နိုင်လို့ ထားကြတာ၊ရှင်က ဘာလဲ….လခစား၊ ကုမ္ပဏီမှာ ကားမောင်းရတဲ့ ဒရိုက်ဘာလေ…ရတဲ့လခတွေ အကုန် အဲဒီ ကောင်မကို ဖို့နေရတာ ကျွန်မတို့သား အမိက သဲကျုံးစားပြီး နေရမှာလား”

“ငါ့လုပ်စာ ငါ ဘယ်သူ့ပေးပေးပေါ့ကွ….မင်း မကျေနပ်လည်း ငါ မတတ်နိုင်ဘူး”

ဂုဏ်သည် ခံပြင်းစိတ်ဖြင့် အံကြိတ်ရင်း အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် ကိုက်ထား မိသည်။ သူ့အသားတွေကို တဆတ်ဆတ်တုန်နေသည်။

အဖေ ရက်စက်တယ်ဗျာ….အမေနဲ့ ကျွန်တော့်အပေါ်မှာ တစ်စက်ကလေးမှ အကြင်နာ တရား မရှိဘူး….ကျွန်တော့်ဘဝမှာ အဖေနဲ့အမေပဲ ရှိတာ….အဖေ့ဆီက ချစ်ခြင်းမေတ္တာတွေကို မျှော်လင့်ပေးမယ့် ကျွန်တော်တို့သားအမိ ပြန်ရခဲ့တာက ခါးသီးမှုတွေပဲ….

“ကောင်းပြီ….ရှင့်ပါးစပ်က ထွက်လာပြီပဲ….ဟိုကောင်မကို ကိုယ့်သွေးသားထက် ပိုပြီး ကြည်ဖြူတယ်ဆိုရင် ဒီအိမ်ပေါ်က ဆင်းသွားတော့ ဒီနေ့ ရှင်နဲ့ ကျွန်မ အပြတ်ပဲ”

မေမေ ….ကျေးဇူးပြုပြီး မနှင်လိုက်ပါနဲ့။ ဖေဖေ တကယ်ဆင်းသွားမှာ ကျွန်တော် သိနေ တယ်။

“မင်း ငါ့ကို တကယ်နှင့်နေတာလား သက်ထား”

“ကိုယ့်သားအတွက် ကျူရှင်လခလေးတောင်မှ ပေးဖော်မရတဲ့ ရှင့်လိုအဖေမျိုးကို မနှင်ချ လို့ ဘယ်သူ့ကို နှင်ချရမလဲဟင်….ငါ့သားလေး ကျူရှင်မတက်ရလို့ စာမေးပွဲကျနေပါလားဆိုပြီး ရှင် စဉ်းစားဖူးလို့လား….ဟိုဟာမကိုပဲ မွှန်နေတာ မဟုတ်လား”

အဖေ့ကို နှင်ချနေတဲ့ အမေ့ရင်ထဲမှာ ဘယ်လောက်အထိ နာကျင်နေမယ်ဆိုတာ ကျွန် တော် သိပါသည်။

ဒီကမ္ဘာပေါ်မှာ အချစ်တတ်ဆုံးမိန်းမက ကျွန်တော့်အမေ ဒေါ်သက်ထားခင်ပဲ ဖြစ်လိမ့်မည်။

အဖေနဲ့ အိမ်ထောင်ကျပြီးကတည်းက သူပဲ ဈေးရောင်းကျွေးခဲ့ရရှာတာ။

အမေ့ခမျာ တရုတ်ကလာတဲ့ ဈေးပေါပေါထဘီလေးဝတ်ပြီး ယောက်ျားဖြစ်သူကို ယိုးဒယား ကလာတဲ့ ရှပ်အကျႌဝယ်ပေးခဲ့တဲ့အမေ။

ယောက်ျားပင်ပန်းမှာစိုးလို့ အရိပ်တကြည့်ကြည့်ဖြင့် လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့တဲ့ အမေ။

အဖေ အလုပ် စလုပ်တယ် ဆိုတာကလည်း သူ့ရဲ့ နောက်မိန်းမကိုပံ့ပိုးချင်လို့ဖြစ်သည်။ အဖေ့လုပ်ရပ်တွေက တရားလွန်လွန်းသည်။

အချိန်တန်လျှင် လူခန္ဓာကိုယ်က အမေ့နားပြန်ရောက်လာပေမယ့် အဖေ့စိတ်တွေက တစ်ယောက်သောသူဆီမှာ ကျန်ခဲ့တာ နေ့တိုင်းပင်။

အဖေနဲ့ အမေ ပဋိပက္ခမဖြစ်သောနေ့ဆိုတာ မရှိပါ။

အဖေသည် ကျွန်တော့်ရှေ့မှာပင် သူ၏ အဝတ်အစားများကို သိမ့်ကား အိမ်ပေါ်မှဆင်းသွား ပါသည်။ ကျွန်တော့်ကို နှုတ်ဆက်ဖို့ အဖေ သတိမရဘူးနော်....အော်ဟစ် ရန်တွေ့နေသော အမေ့ မျက်လုံးထဲတွင် မျက်ရည်တွေ အိုင်ဖွဲ့နေသည်။

“မေမေ”

ကျွန်တော့်ကိုမြင်မှ မေမေ စိတ်ကိုလျှော့ချလိုက်ပုံရသည်။

“သား....သားအဖေ လူမိုက်ကြီးသွားပြီလေ....မေမေတို့အပေါ်မှာ သံယောဇဉ်နည်းနည်း လေးမှမရှိဘူး သားရယ်....မေမေ ဂမ်းနည်းလွန်းလို့ပါ ဟင့်...

ဟင့်”

ကျွန်တော်လည်း ဂမ်းနည်းတာပဲမေမေ....မေမေ့ကို ကျွန်တော် ဘယ်လိုနှစ်သိမ့်ပေးရမှာလဲ

အဖေ ပြန်လာမှာပါ မေမေရယ်လို့ ကျွန်တော်ပြောဖြစ်မှာ မဟုတ်တာသေချာတယ်။

အဖေ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေလို့ပါပဲ။

“အမေ မငိုပါနဲ့နော်....မေမေ့အနားမှာ သားတစ်ယောက်လုံး ရှိပါသေးတယ်”

ကျွန်တော် ဘယ်လိုပဲပြောပြော....အမေ့စိတ်တွေက လေထဲတွင် လွင့်မျောနေပုံရသည်။ ငူငူငေါင်ငေါင်နဲ့ အရှုးတစ်ပိုင်းဖြစ်နေတဲ့ အမေ့ကို စာနာ သနားမိပါသည်။ အမေ့ရှေ့မှာ မငိုမိအောင် ထိန်းထားရပေမယ့် သူ့ရင်ထဲတွင် အကျယ်ကြီးအော်ငိုနေမိသည်၊ ကမ္ဘာပျက်မတတ် တုန်ယင်လှုပ် ရှားနေသည်။

သူ တန်ဖိုးထား တွယ်တာရတဲ့ မိသားစုကမ္ဘာလေး ပြိုလဲသွားပြီပဲ....ပြိုလဲလို့ကြေကွဲရတဲ့ အခါ သေလောက်အောင် အားငယ်ရပါသည်။

အတွင်းစိတ်သဏ္ဍာန်မှာ ဒဏ်ရာအနာတရ ဖြစ်သွားတာ ဘယ်သူမှသိမှာ မဟုတ်ဘူး။ သူသာသိသည်။

ထို့ကြောင့် သူ့ဒဏ်ရာကိုကုစားဖို့ အရက်ကို သူ စသောက်မိသည်။

နုနယ်ပြီး ဒဏ်ရာဒဏ်ချက် မရှိသေးတဲ့ အသည်းဆိုတဲ့ ကလီစာထဲကို အဆိပ်လိုပြင်း သော alcohol အရည်တွေ လောင်းထည့်နေမိသည်။

မူးစမ်း....မြန်မြန်မူးမှ...ဒါမှမဟုတ် သေအောင်မူးမှအားလုံးကို မေ့လို့ရမည်။

*

## အခန်း(၄)

ဒေါ်သက်ထားသည် စိတ်တွင်းဒဏ်ရာဖိစီးမှုကို တောင့်ပြီး မခံနိုင်ပါ။ နေ့နေ့ညည တနှံ့နှံ့ခံ စားပြီး သားဖြစ်သူ လမ်းမှားပေါ်တက်လျှောက်နေတာလည်း သူ မသိပါ။

စီးပွားရေးအတွက် စားဝတ်နေရေး အသက်ဆက်လို့ ရအောင် ကြိုးစား ရုန်းကန်နေရသည်။

အချိန်တန်လျှင် ပေးရမည့် အိမ်လခ၊ သားအတွက် မုန့်ဖိုး။ ကျူရှင်လခ၊ အိမ်စရိတ်၊ မီတာခ သူမခေါင်းထဲမှာ ဒါတွေပဲ ရှိသည်။

သစ္စာဖောက်သွားသော သားတို့အဖေဦးမြင့်ထွန်းကို ဘယ်လိုပဲ မုန်းတယ်ပြောပြော အချိန် တိုင်း သတိရနေသည်။ လွမ်းဆွတ်နေသည်။

ထိုအခါ စိတ်နှင့်ကိုယ်က မကပ်ဘဲ ရှိနေတတ်သည်။

ဒေါ်သက်ထားသည် မနက်ပိုင်းကို ကောက်ညှင်းပေါင်းလည်းရောင်း၏ ။ ပဲပြုတ်လည်း ရောင်းသည်။

ဈေးရောင်းပြန်ချိန်ကျတော့ ဟင်းချက်စရာ ဝင်ဝယ်ပြီး သားအမိနှစ်ယောက်စာ(အဓိက သားအတွက်) ချက်ပြုတ်ပေးသည်။

ဂုဏ်ပြန်လာလျှင် ခူးခပ်ပြီး ကျွေးမည်။

သူမကိုယ်၌ ကျတော့ စားချင်စိတ်မရှိသဖြင့်....သားအမိနှစ်ယောက်သာ ရှိသော ထမင်းဝိုင်း သည် အမြဲ ခြောက်ကပ်နေသည်။

အိပ်စက်ချိန် နည်းပါးပြီး အစားအသောက်ပါ နည်းလာသော

မိခင်ကြောင့် ဂုဏ် စိတ်မ ကောင်းဖြစ်ရသည်။

တစ်ခါတလေကျတော့လည်း ရွှဲ့ချင် ပေချင်သည့်စိတ်ကို ဖျောက်ကာ အမေ့ရှေ့မှာ မား မားမတ်မတ်ရပ်တည်နိုင်မည့် သားကောင်းတစ်ယောက် ဖြစ်ချင်သည်။

အမေ့အတွက်တော့ သူသည် တာဝန်ကျေသော သားတစ်ယောက် မဖြစ်သေးပါ။

ဆယ်တန်းကို တဖုန်းဖုန်းကျပြီး အပြင်ဖြေ ဖြေနေရသည့်ဘဝ။

ဒီနှစ်ဆယ်တန်းကို အောင်အောင်ဖြေမည်ဟု သူစိတ်ပိုင်းဖြတ်ထားသည်။

အမေ့ကို တစ်လှည့် ပြန်ပြီး လုပ်ကျွေးချင်သည်။

*